www.free4reader.com

ဗုဒ္ဓဟူးနေ့တိုင်း ထုတ်ဝေသည်

# ရာဇဝတ်သတင်း ဂျာနယ်
Crime News Journal

အတွဲ(၂၀)၊ အမှတ်(၄၈) ၂၈ ရက်၊ စက်တင်ဘာလ၊ ၂၀၁၆ ခုနှစ်

**ကူညီပါရစေ**

မြို့တော်အတွင်း ဖုန်ကျက်သမားများအတွက် နေရာမရှိစေရ ။
ပြည်သူလုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန်ဆောင်ရွက်ပါမည် ။
ပြည်သူ့ရဲ့ကူမှု ပူးပေါင်းပါဝင် ကူညီကြပါ ။
တွေ့ကြုံမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန် ။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ - [illegible]
ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ - [illegible]
ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ - [illegible]
မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ - [illegible]
စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ - [illegible]

## အရောင်းစာရေးမလေးကို အဓမ္မခိုးယူပေါင်းသင်းပြီး ခြေထောက်ကို သံကြိုးချည်နှောင်တံခါးပိတ်လှောင်ထားတဲ့ အမျိုးသားကို ထောင် ၂ နှစ်နှင့် ၆ လ ချလိုက်ပြီ

စာ(၁၁)သို့

ဒံပေါက်ဆွဲပြီး အိမ်ကိုအလည်လာတဲ့ အကြံသမား
အကြံမအောင်၍ သံတုတ်နှင့် ရိုက် ဓားနှင့်ထိုးခဲ့မှုကြောင့် အမေက သေဆုံး သမီးက ဒဏ်ရာရ
ထိုသူမှာလည်း ပြေးဖို့ကြိုးစားရင်း ခေါင်မိုးပေါ်ကပြုတ်ကျ သေဆုံး

စာ(၅)သို့



ရန်ကုန်မှ ရွှေထည်အတုများပြုလုပ်ပြီး
**နယ်တကာလှည့်ကာ လိမ်လည်မှုနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုတွင်**
**မှုခင်းရှာဖွေရေးမီဒီယာကတ်ကိုင်ဆောင်သူတစ်ဦး ပါဝင်နေ**

စာ(၉)သို့



တပ်ကုန်း-ပင်လောင်းလမ်း ဗိုလ်မှူးလင်မယား သေဆုံးမှု
ကြားတာတခြား ငါးနှစ်သမီးလေးပြောမှ
ဖြစ်ရပ်မှန်က ဒီလိုတဲ့ အပြန်အလှန်တိုင်ပြီ

စာ(၆)သို့



ဒါရိုက်တာ စင်ရော်မောင်မောင်က

# ပွေးပွေး ကို

တရားဥပဒေအရ အရေးယူပေးဖို့
တိုင်တန်းတဲ့ကိစ္စနဲ့ပတ်သက်ပြီး
နောက်ဆက်တွဲသတင်းများ

စာ(၁၀)သို့

အဆိုတော် နီနီခင်ဇော်က
သူနဲ့ သူမိသားစု သိက္ခာကျထိခိုက်အောင်
ဆက်လုပ် ဆက်ပြော ဆက်ရေးနေသူတွေကို
တည်ဆဲဥပဒေအရ အရေးယူတော့မယ်တဲ့

စာ(၁၈)သို့



ချစ်လို့ဘဝကိုပုံပေးပြီး လခကိုလည်း အကုန်ပေးထား ရည်းစားက ကျွန်မကိုပစ်ပြီး
အသစ်ကလေးတွဲသွားတာ အသည်းနာလို့ ဓားနဲ့ထိုးလိုက်တာပါဆိုတဲ့ အမျိုးသမီး

စာ(၇)သို့

## အဘိုးဖြစ်သူ ရိုက်နက်ဆုံးမလို့ ချစ်သူ နောက်လိုက်သွားတဲ့မိန်းကလေးအား သားမယားအဖြစ်ဆက်ဆံပြီးမှ ပြန်လည်ပို့ဆောင်သူကို အရေးယူ

စာ(၁၇)သို့

www.free4reader.com




# ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေနှင့် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအကြောင်းသိကောင်းစရာ(၃)

**ဦးခင်ဇော်**(တရားလွှတ်တော်ရှေ့နေ)၊
အငြိမ်းစားဥပဒေအရာရှိအဆင့်-၂

**၁၉၇၄ ခုနှစ်မှ ၂၀၁၀ ကာလ**
**အဂတိလိုက်စားမှုတားမြစ်ရေးဖြစ်စဉ်များ**

၁၉၇၄ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလ အစပိုင်း မြေစမ်းခရမ်းပျိုးကာလကပါ။ အဲသည်အချိန်က ပါဝင်ခဲ့ကြတဲ့ ပါတီဝင်တွေ၊ ပါတီကေဒါတွေက တက်တက်ကြွကြွနဲ့ ပါဝင်ခဲ့ကြတဲ့အချိန်ဆိုတော့ ရိုးရိုးသားသားနဲ့ အစွမ်းပြကြမယ်ဆိုတဲ့ကာလပါ။ အဂတိလိုက်စားမှုတွေ ထိုက်သင့်သလောက်ရှိနိုင်ပေမယ့် အပုပ်နံ့တလှိုင်လှိုင် မထွက်သေးပါဘူး။ ဒါပေမဲ့ ဒုတိယသက်တမ်းကုန် တတိယသက်တမ်းကာလမှာတော့ စားကြ၊ ဝါးလိုက်တာ ဘယ်ပြောကောင်းမလဲ ဆရာမွေး။ တပည့်မွေးတွေလည်းလုပ်ကြ၊ အုပ်စုလိုက်တိုက်ပွဲတွေဖြစ်ကြနဲ့ မြို့နယ်ပါတီယူနစ်၊ ဒေသပါတီကနေ ဗဟိုကော်မတီအထိ အုပ်စုတိုက်ပွဲတွေ၊ ဖြုတ်ထုတ်သတ်ကြတာပါ။ ပါတီယူနစ်ဥက္ကဋ္ဌကိုလည်း တိုင်းကောင်စီကမကျေနပ်လို့ ဒေသပါတီနဲ့ပေါင်းပြီး ဖြုတ်တာပဲ။ မြို့နယ်တရားသူကြီးကလည်း ပါတီယူနစ်ဥက္ကဋ္ဌက မကြိုက်လို့ တိုင်းတရားသူကြီးနဲ့ပေါင်းပြီး ဖြုတ်တာပဲ။ စွပ်စွဲချက်ကတော့ ပါတီကပေးအပ်တဲ့တာဝန်မကျေပွန်ဘူးဆိုတဲ့ စွပ်စွဲချက်နဲ့ဖြုတ်ကြတာပါ။ အဲသည်အချိန်က တရားသူကြီးဥက္ကဋ္ဌဖြစ်ဖို့ဆိုတာ ဘယ်လောက်၊ မြို့နယ်ကောင်စီဥက္ကဋ္ဌဖြစ်ဖို့က ဘယ်လောက်ဆိုပြီး ရရှိမယ့်အာဏာနဲ့ လုပ်ပိုင်ခွင့်တွေကိုကြည့်ပြီး ရပိုင်ခွင့် များရင်များသလို ဈေးကောင်းကြတာပါ။ နောက်ဆုံးတော့ ထောက်လှမ်းရေးမှူးချုပ်ဗိုလ်ချုပ်ကြီးတင်ဦးလက်ထက်မှာ ဥက္ကဋ္ဌကြီးဦးနေဝင်းက ပါတီသန့်စင်ရေးဆိုပြီး ဗဟိုကော်မတီတွေ၊ ဒေသပါတီဥက္ကဋ္ဌတွေ၊ မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌတွေ ဖြုတ်ခဲ့တာပါ။ ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်စရိတ် ၆၂၆ ကျပ်အလွဲသုံးစားပြုလုပ်တယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ အတွင်းရေးမှူးအဖွဲ့ဝင်တွေကို အများနှင့်သက်ဆိုင်တဲ့ ပစ္စည်းကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၃ နဲ့ အရေးယူခဲ့တာတွေ၊ ပါတီမျက်နှာစုံညီအစည်းအဝေးမှာ ကျွေးဖို့၊ ကုန်သွယ်ရေးမှာ ဂျုံအိတ်တွေလျှော့ကာထားပြီး အပြင်ပြန်ရောင်းရတဲ့အမြတ်ငွေနဲ့ ပါတီမျက်နှာစုံညီအစည်းအဝေး၊ ညှိခံစရိတ်၊ ကျွေးမွေးစရိတ်တွေအတွက် အသုံးပြုတဲ့ကိစ္စနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ပါတီယူနစ်ဥက္ကဋ္ဌတွေဆိုလည်း အများကြီးပါ။ သည်လိုရေးသားတင်ပြရတာက ၁၉၆၂ တော်လှန်ရေးကောင်စီအပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ အုမတောင့်မှ သီလစောင့်နိုင်မည်ဆိုတဲ့ စကားပေါ်ထွက်နေတဲ့အချိန်ကတည်းက အခွင့်အာဏာအတွက် အဂတိလိုက်စားမှုတွေ အစပျိုးဆောင်ရွက်နေခဲ့ကြတာတွေကို ဗဟုသုတအဖြစ် ဖြန့်ဝေတင်ပြရုံသက်သက်ပါ။ ဒါကြောင့်လည်း ရန်ကုန်တိုင်းဒေသဥက္ကဋ္ဌလုပ်ခဲ့တဲ့ ဦးသိန်းအောင်လက်ထက်မှာ **ကျွန်တော်တို့ရဲ့လူတွေက ပထမသက်တမ်းမှာတော့ အတော်လေးကြိုးစားလုပ်ကိုင်ကြတာပါ။ ဘာသံမှမကြားခဲ့ကြရဘူး။ ၃ သက်တမ်းမှာတော့ စားသံတွေ၊ ဝါးသံတွေက ပလေဒီယံ** **ရုပ်ရှင်ရုံထဲ ဝင်သွားသလိုပဲ တဖျောက်ဖျောက်နဲ့ ကြားနေရတာပါလို့ ပုံနှိုင်းပြောခဲ့ဖူးတာ ခုထိအမှတ်ရနေပါ။**

(ပလေဒီယံရုပ်ရှင်ရုံက အခုဆူးလေရှန်ဂရီလာဟိုတယ်နေရာမှာရှိပြီး လေအေးပေးစက်နဲ့ဖွင့်တဲ့ ရုပ်ရှင်ရုံပါ။ ပွဲမစခင် ကွာစေ့၊ နေကြာစေ့ဝယ်သွားပြီး ရုပ်ရှင်မပြခင် ပါလာတဲ့ကွာစေ့၊ နေကြာစေ့စားကြတာ။ တစ်ရုံလုံးဆိုတော့ တဖျောက်ဖျောက်နဲ့ ကွာစေ့ကို သွားနဲ့ကိုက်ခွဲတဲ့အသံတွေ ကြားနေရတာကို ဥပမာပေး ပြောခဲ့တာပါ) စကားချပ်။

နောက်ဆုံးကျတော့ အဲသည်အဂတိတရားတွေ ကြီးစိုးလာပြီး နေရာတကာမှာ ငွေမပေးရင် ဘာမှမရတော့ဘူး။ ဦးတင်အောင်ဟိန်း (ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ)ကြီး ပြောသလိုပဲ **"ငွေများတရားနိုင်မဟုတ်ဘူး။ ငွေနည်းတရားရှုံး"** ဘဝ ရောက်လာတာပါ။ ဆင်းရဲချမ်းသာမှုတွေကလည်း အလွန်ကွာဟခဲ့တာပါ။ ဗဟိုကော်မတီဝင် လူကြီးတွေက ပဒုမ္မာ၊ မေတ္တာမွန် စတဲ့ဆိုင်တွေမှာ ဆန်ကောင်းကောင်း၊ ဆီကောင်း အပြင် အခြားအသုံးအဆောင်၊ ရွှေဝါဆပ်ပြာ၊ Ph 7 ဆိုတဲ့ ရေသန့်ဘူးတွေ ဈေးသက်သက်သာသာနဲ့ ဝယ်ယူသုံးစွဲနိုင်တဲ့အချိန် အပြင်က ပြည်သူလူထုက ဆန်ကြမ်းတောင်မဟုတ်တဲ ဆန်ကွဲဝယ်စားနေရတဲ့ဇာတ်တွေပါ ပေါ်လာတဲ့အခါ ရှစ်လေးလုံးအရေးတော်ပုံ ပေါ်လာခဲ့တာပါ။ အဓိကအကြောင်းကတော့ အဂတိလိုက်စားမှုတားမြစ်ဖို့ကိစ္စတွေကိုပဲ အချိန်မီမတားဆီးနိုင်ခဲ့တဲ့ အပြစ်တွေက အဓိကပဲလို့ စာရေးသူအနေနဲ့ ယုံကြည်မိပါတယ်။

၁၉၈၈ ပြီးတဲ့အခါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ပေါ်ပေါက်ခဲ့ပါတယ်။ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့ပတ်သက်ပြီး ဥပဒေများထုတ်ပြန်ကာ ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ တရားစီရင်ရေးဥပဒေ ၂/၈၈ ရှေ့နေချုပ်ဥပဒေ ၃/၈၈၊ စာရင်းစစ်ချုပ်ဥပဒေ ၈/၈၈ တွေ ပြဌာန်းခဲ့ပါတယ်။ ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများနှင့် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွေမှာလည်း အဲသည်အချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က တက်ရောက်ပြီး လာဘ်ပေးလာဘ်ယူကိစ္စတွေအတွက် မကြာခဏ မိန့်မှာကြားချက်တွေ ပေးခဲ့ပါတယ်။ ကိုယ်တိုင်ကျင့်ကြံစောင့်ထိန်းမှုတွေ မလုပ်ကြပေမဲ့ အဂတိတရားလိုက်စားမှုကိစ္စတွေနဲ့ပတ်သက်ပြီး ရေ့လာတင်ပြတာတွေကတော့ ဗဟုသုတအဖြစ် ဖတ်ရှုထားသင့်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ် တရားစီရင်ထုံးများ ၁၉၉၄ စာအုပ်မှာ ဖော်ပြထားတဲ့ ဆီက ကောက်နုတ်ဖော်ပြတာပါ။

**တရားစီရင်ရေးကိစ္စ မှာကြားချက်**

တကယ်တော့ တရားရုံးဆိုတာ နိုင်ငံသားတစ်ဦးတစ်ယောက်ရဲ့ ဥပဒေအရ နစ်နာဆုံးရှုံးမှုကို ကုစားဖြေရှင်းပြီး သက်သာခွင့်ရှာကြံပေးရတဲ့ နေရာဌာနတစ်ခုဖြစ်ပါတယ်။ တချို့ကိစ္စတွေမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာမက လူ့ဘောင်အဖွဲ့အစည်းကိုပါ ထိပါး အန္တရာယ်ဖြစ်စေနိုင်တဲ့ မှားယွင်းမှုတွေကို အပြစ်ပေးပြုပြင်စေရတဲ့ နေရာတစ်နေရာဖြစ်ပါတယ်။ တစ်နည်းပြောရရင် တရားရုံးဆိုတာ ပြည်သူအများ ဥပဒေအရ နစ်နာဆုံးရှုံးမှုမဖြစ်ရလေအောင် ကူညီစောင့်ရှောက်ရတဲ့၊ ပြည်သူအများ ယုံကြည်ကိုးစားအားထားရမယ့် သစ္စာသမာဓိရှိသူများ စုဝေးကြတဲ့ နေရာတစ်နေရာ ဖြစ်ရပါမယ်၊ ဖြစ်ဖို့လည်း ကြိုးစားရမှာဖြစ်ပါတယ်။

ပြည်သူအများက ယုံကြည်ကိုးစားရတဲ့၊ ဒုက္ခဖြစ်တဲ့အခါမှာ အားကိုးတစ်ခုအဖြစ် လှမ်းမျှော်ကြည့်ရမယ့် နေရာအဖြစ်က ပြည်သူအများ ရွံရှာမုန်းတီးကြောက်ရွံ့ စရာနေရာတစ်နေရာ ဖြစ်နေရတာဟာ တရားရုံးဝန်းကျင်မှာရှိနေတဲ့ မသမာမှု၊ လာဘ်ပေးလာဘ်ယူမှု အနိဋ္ဌာရုံတွေကြောင့်ပဲဆိုတာ ထင်ရှားနေပါတယ်။

ဥပဒေကျင့်ထုံး စတာတွေဟာ အမှန်တရားကို ရှာဖွေဖော်ထုတ်ရေးမှာ အလွန်အသုံးဝင်တဲ့ တန်ဆာပလာများ ဖြစ်ပါတယ်။ ဒါပေမဲ့ မသမာသူများရဲ့ လက်ဝယ်မှာ ဥပဒေကျင့်ထုံးတို့ဟာ လိုသလိုခွဲအသုံးချခံရပြီး မဖြစ်သင့်တာတွေ ဖြစ်လာရပါတယ်။ အမှန်တရားရှာဖွေဖော်ထုတ်ခြင်းဆိုတဲ့ တရားရုံးရဲ့ ပင်မတာဝန်ဟာ မေးမှိန်သွားပြီး ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ကပ်တာ၊ ညစ်တာ၊ လိမ်တာ၊ ညာတာတွေ ရှေ့တန်းရောက်လာတာ တွေ့ရပါတယ်။

ဒီလို ဥပဒေ၊ ကျင့်ထုံးတို့ရဲ့ ရည်ရွယ်ချက်နဲ့ အနှစ်သာရကို ဖျက်ဆီးပျက်ယွင်းစေပြီး ကိုယ်ကျိုးအတွက် အသုံးချမှုများဟာ ဥပဒေ၊ ကျင့်ထုံးတို့ကို နားလည်ကျွမ်းကျင်မှသာ လုပ်နိုင်တာဖြစ်တဲ့အတွက် "သံကိုသံဖျက် သံချေးတက်" ဆိုသလို တရားရုံးအသိုင်းအဝိုင်းက မသမာသူများကသာ ပြည်သူတို့ အားကိုးခိုလှုံစရာ တရားရုံးကို ဖျက်ဆီးနေသူများဖြစ်တယ်လို့ ပြောလိုပါတယ်။

ဒီလိုမသမာမှုတွေကို ဖယ်ရှားပြီး သိက္ခာ၊ သမာဓိတည်ကြည်တဲ့အပြင် သမာသမတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ တိုးပွားလာမှသာ မှန်ကန်မျှတတဲ့ တရားစီရင်ရေး ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ ကျင့်ဝတ်သိက္ခာဟာ ဒွန်တွဲနေတဲ့အတွက် တရားသူကြီးများ အပါအဝင် တရားစီရင်ရေးမှာ ပါဝင်ပတ်သက်နေတဲ့ အရာရှိအားလုံးက ကျင့်ဝတ်ကို မြဲမြဲမြံမြံ စောင့်ထိန်းကြဖို့ လိုမှာဖြစ်ပါတယ်။

ကန်တော်မင်းကျောင်းဆရာတော်ကြီးက လောကသာရ ဆုံးမစာမှာ ညွှန်ပြဆုံးမထားသလို "လူမှုဆုံးဖြတ်၊ မမှုသတ်နှင့် ညီညွတ်မယွင်း၊ စောင့်စည်းခြင်းဖြင့် မပင်းမျက်နှာ၊ မနာအားပါ၊ နစ်ဖက်သား၏ အကြားလည်းမှန်၊ ချိန်ခွင်ဟန်သို့" ဆိုတဲ့ ဆုံးမစကားအတိုင်း ညီညွတ်မျှတမှုရှိဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။

**ဝန်ထမ်းများအတွက်မှာကြားချက်**

•ဒီလိုဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်း၊ သစ္စာတို့ကို လိုက်နာစောင့်ထိန်းဖို့တာဝန်ဟာ ဝန်ထမ်းအားလုံးမှာ ရှိကြောင်းကို အခါအခွင့်သင့်တုန်း တစ်ဆက်တည်း ဝန်ထမ်းများအားလုံးနှင့် ပတ်သက်ပြီး ပြောကြားလိုပါတယ်။ ဝန်ထမ်းကျင့်ဝတ်၊ သိက္ခာစောင့်စည်းရမယ့်သူတွေဟာ နိုင်ငံတော်တာဝန်၊ နိုင်ငံကပေးအပ်တဲ့တာဝန်ကို အထက်ပိုင်းကအစ၊ အလယ်ပိုင်းမကျန်၊ အောက်ပိုင်းအဆုံးအထိ ထမ်းဆောင်နေသူတွေအားလုံး ပါဝင်ကြတယ်ဆိုတာ ပြောလိုပါတယ်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ နိုင်ငံတော်အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးယန္တရားတွေကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာမှာ တာဝန်ခံပုဂ္ဂိုလ်များကို တာဝန်ရော လုပ်ပိုင်ခွင့်တွေပါ တိုးမြှင့်ပေးအပ်ခဲ့တာ အားလုံးသတိပြုကြမှာဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍမှာလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကို လွတ်လပ်စွာရောင်းဝယ်ဖောက်ကား ရင်းနှီးမြှုပ်နှံခွင့်တွေပေးပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ခွင့်ပြုပြီး ပြည်ပနဲ့လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပြုတဲ့အတွက် မြန်မာ့စီးပွားရေးနယ်ပယ်နဲ့ နိုင်ငံတကာစီးပွားရေးနယ်ပယ်တို့ ဆက်စပ်ကူးလူး ဆက်သွယ်မှုတွေ ရှိနေပြီဖြစ်ပါတယ်။

ဒီလို စီးပွားရေးလုပ်ငန်းတွေ တွင်ကျယ်လာတာနဲ့ အမျှ အရင်းအနှီးတွေ တိုးတက်များပြားလာကြပြီး မိမိတို့ ကိုယ်ကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်ရှိတဲ့ ဝန်ထမ်းတွေ၊ ဝန်ထမ်းအကြီးအကဲတွေ၊ တာဝန်ရှိပုဂ္ဂိုလ်ကြီးတွေကို မသမာတဲ့ လုပ်ငန်းရှင်များနှင့် စီးပွားရေးသမားများက နည်းမျိုးစုံနဲ့ချဉ်းကပ်လာကြတာတွေ အများအပြားရှိလာတာကို တွေ့ရပါတယ်။

အခွင့်အရေးပိုပိုရလာလို့ လက်ဆောင်ပဏ္ဏာပေးပြီး မိတ်ဖွဲ့ရာကနေ နောက်တစ်ဆင့်တက်လို့ လာဘ်လာဘပေးတဲ့အဆင့်အထိ ရောက်လာပြီး အပေးအယူသဘောတွေ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းနေကြတယ်ဆိုတဲ့သတင်းတွေ ကြားသိနေရပါတယ်။

တချို့ဌာနတွေမှာဆိုရင် တည်ဆောက်ရေးလုပ်ငန်းများနဲ့ လုပ်ငန်းဦးစားပေးမှုများရရှိအောင် ဆောင်ရွက်နိုင်ဖို့အတွက် လာဘ်ငွေပေးရတာတွေ၊ ကော်မရှင်ပေးရတာတွေ ရှိနေတယ်လို့ ကြားသိနေရပါတယ်။ တည်ဆောက်ရေးပစ္စည်းနဲ့ လုပ်ငန်းသုံးပစ္စည်းတွေကို ဌာနဆိုင်ရာက နိုင်ငံခြားက ဝယ်ယူဖို့လိုအပ်တဲ့အခါ တင်ဒါခေါ်ယူကြရပါတယ်။ အဲဒီအခါမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များက ရောင်းနိုင်တဲ့ဈေး အပြိုင်တင်ပြကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ပစ္စည်းလည်းကောင်း၊ ဈေးလည်းသက်သာမှုရှိတဲ့ ပစ္စည်းကိုသာ စိတ်ကြိုက်ရွေးကြရမှာ ဖြစ်ပါတယ်။ ဒီလိုအခါမျိုးမှာ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အချို့မှာ ပစ္စည်းအရည်အသွေးလည်းကောင်း၊ ဈေးနှုန်းကလည်း သက်သာတဲ့ ပစ္စည်းမျိုးကိုမရွေးဘဲ ရောင်းသူနဲ့အပေးအယူလုပ်ပြီး ဈေးနှုန်းမြင့်မားတဲ့အပြင် ပစ္စည်းအမျိုးအစားလည်း ညံ့တာကိုမှရွေးပြီး မိမိဌာနအတွက် ဝယ်ယူနေကြတာတွေ ရှိနေတယ်လို့ ကြားသိနေရပါတယ်။ ဒါတွေဟာ တိုင်းပြည်ရဲ့အကျိုးထက် မိမိရဲ့ကိုယ်ကျိုးစီးပွားကို

>>> စာမျက်နှာ(၁၄)သို့

